## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ (၅-၆-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးတင်အောင်ချစ်၊ အောင်လံမဲဆန္ဒနယ်က** အောင်လံခရိုင်အား ခရိုင်အဆင့် သတ်မှတ်ထားမှုနှင့်အညီ လိုအပ်လျက်ရှိသည့် (ကညန) ရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာနရုံးနှင့် မြန်မာ့အာမခံလုပ်ငန်းရုံးတို့ကို ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် လုပ်ဆောင်ဖွင့်လှစ်ပေးမည်ကို သိရှိလိုကြောင်းမေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** အောင်လံခရိုင် အတွက် သရက်ခရိုင်နှင့်တွဲဖက်၍ One Stop Service ပုံစံဖြင့် တစ်လလျှင် နှစ်ကြိမ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိနေပြီး လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့ စေရန်အတွက် ကွင်းဆင်းချိန်အား တစ်လလျှင် နှစ်ကြိမ်အစား ထပ်တိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးကျော်သန်း၊ မာန်အောင်မဲဆန္ဒနယ်က** မာန်အောင်မြို့နယ်၊ စမုံတဲလေယာဉ်ကွင်းအား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** ATR 72-600 လေယာဉ် များ အဆင်းအတက်အသုံးပြုနိုင်ရေး လေယာဉ်ပြေးလမ်း ၁၅၀၀ ပေ x ၁၀၀ ပေ တိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိပါက လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မဲဆန္ဒနယ်က** မိုင်းခတ်မြို့နယ်၊ မိုင်းနွန်းကျေးရွာအုပ်စု၊ တပ်မိုင်ကျေးရွာရှိ နမ့်နွန်းချောင်းဘေးတွင် အရှည် (၅၀၀)ပေခန့် ကျောက်စီရေတားနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** ရှမ်းပြည်နယ်အစိုးရ၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ငွေလုံး ငွေရင်း ရန်ပုံငွေအစီအစဉ်ဖြင့် ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် လျာထားစီမံ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၄။ | **ဦးစိုင်းထွန်းလင်း၊ မိုးနဲမဲဆန္ဒနယ်က** မိုးနဲမြို့နယ်၊ ဖိုင်လုံဆည်မှ ကျူးတောဆည်အထိ (၅.၁)မိုင်အတွင်းရှိ နုန်းမြေနှင့် ချုံနွယ်များကို တူးဖော်ရှင်းလင်းရန်၊ ကျိုးပေါက်နေသည့် နမ့်တွန်ချောင်း တာပေါင် (၄)နေရာကို ခိုင်ခံ့အောင် ပြန်လည်ဆောက်ပြီး အရံပေါင် များကို အဆင့်မြှင့်တင်ရန်၊ နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်း ဆုံရာမှ (နားခံ-ဟဲကော)လမ်းအထိ (၁.၄၃)မိုင်အား တာပေါင်မြှင့်တင်ရန် နုန်းမြေဖယ်ရှားခြင်းစသည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** (၅.၁) မိုင်အနက် (၀.၄၅) မိုင်အား နုန်းမြေနှင့် ချုံနွယ် များကို စက်ယန္တရားများဖြင့် တူးဖော် ရှင်းလင်းခြင်းအား ယခုဘဏ္ဍာနှစ်တွင် မိုးမကျမီ ရက် (၁၀၀)အတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန် (၄.၆၅)မိုင်ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျိုးပေါက်နေသည့် နမ့်တွန်ချောင်း တာပေါင် (၄)နေရာ (အလျားပေ ၁၂၀၀)ကို ယခုဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း(၁၂၀)ဖြင့် ခိုင်ခံ့အောင် ပြန်လည်မြေဖို့ ပြုပြင်မည်ဖြစ်ကြောင်းနှင့် နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်းဆုံရာမှ အလျား (၁.၄၃) မိုင်ရှိ တာပေါင်မြှင့်တင်ခြင်းနှင့် နုန်းမြေ ဖယ်ရှားခြင်း လုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်က** ထန်းတပင်မြို့နယ်၊ ချောင်းဟောင်း ထိန်နှစ်ပင်မှ စာဖြူစုကျေးရွာအလွန် (ရိုးရှည်) အထိ အရှည် (၃)မိုင်အား ချောင်းဟောင်းတူးဖော်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** တင်ဒါလုပ်ထုံးလုပ်နည်း နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအား အပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၆။ | **ဦးခင်မောင်ဌေး၊ ပျဉ်းမနားမဲဆန္ဒနယ်က** ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ် အုပ်စုအတွင်းရှိ ကိုယ့်အားကိုယ်ကိုးဆည်များ ဖြစ်ကြသည့် နမ်းတောဆည်၊ ကြခတ်ဆည်၊ ဇီးရိုင်းဆည်နှင့် ကျောက်ဆည် ဆည်များအား တောင်သူများ စိုက်ပျိုး "ရေ" လုံလောက်စွာ ရရှိရေး တူးဖော်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |